## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# အောင်ဘာလေထီလက်မှတ်များကို Online မှ ရောင်းချနိုင်ရေး နည်းပညာဝန်ဆောင်မှုပေးလိုသော ကုမ္ပဏီ/အဖွဲ့အစည်းများထံမှ စိတ်ဝင်စားမှုအဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို ကံစမ်းသူများ လွယ်ကူလျင်မြန်စွာ ဝယ်ယူကံစမ်းနိုင်ရန်အတွက် လက်ရှိကျင့်သုံးလျက်ရှိသော အောင်ဘာလေထီလက်မှတ် ရောင်းချသည့်စနစ် (Paper Lottery) ဖြင့်ရောင်းချခြင်းအပြင် Online မှတစ်ဆင့် ရောင်းချခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် နည်းပညာပိုင်း ပံ့ပိုးမှုများ ပြုလုပ်ဆောင်ရွက်ပေးနိုင်မည့် Service Provider လုပ်ငန်းတစ်ခုကို ရွေးချယ်ငှားရမ်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ဝင်စားမှုဖော်ပြချက် (Expression of Interest - EOI ) အဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်သွင်းရမည့် အဆိုပြုလွှာ (EOI) နှင့်အချက်အလက်များကို ကုမ္ပဏီ/ အဖွဲ့အစည်း (Service Provider) များအနေဖြင့် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ (၁၄:၀၀ နာရီ) နောက်ဆုံးထား၍ တင်သွင်းပေးပို့ရမည် ဖြစ်ပါသည်။

၄။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ တင်သွင်းရမည့် အဆိုပြုလွှာ (EOI) ပုံစံနှင့် သိရှိလိုသည့် အချက်အလက်များကို ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၃၀၅၂၂ ၊ ၀၆၇-၃၄၃၀၅၃၃ ၊ Email- ir.officeofthedg.mm@gmail.com သို့ဆက်သွယ်တောင်းခံရယူစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website https://www.ird.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါကော်မတီ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန